# ဇနီး (၃) ယောက်၊ သားသမီး (၁၇) ယောက်နှင့်အတူ ပုန်းအောင်းခဲ့တဲ့ ဘင်လာဒင်

Friday, 13 May 2011 17:41 မောက္ခ နိုင်ငံတကာသတင်း



ကမ္ဘာ့အဆိုးသွမ်းဆုံး အရက်စက်ဆုံး အကြမ်းဖက်သမားကြီး အိုစမာ ဘင်လာဒင်ကို မိန်းမများအပေါ် အချစ်ကြီးသူ နှလုံးကြီးသူဟု ယူဆကြသည်။ သူ့နောက်ဆုံး နေ့ရက်များတွင် ပါကစ္စတန်

အဘော့တ်တဘဒ် မြို့ နေအိမ်ကြီးထဲမှာ မယားသုံးယောက်၊ ကလေးငယ် ၁၇ ယောက်ဖြင့် နေသွားခဲ့ခြင်းက သက်သေ ဖြစ်သည်။

စောစောပိုင်း အင်တာဗျူးတစ်ခုတွင် ဘင်လာဒင်က "ကျနော် ပြောတာကို ယုံပါ၊ ခင်ဗျားရဲ့ ဇနီးနဲ့ ကလေးတွေဟာ ခင်ဗျား လှုပ်ရှားဆောင်ရွက်မှုရဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပြီ ဆိုရင်၊ ဘဝဟာ အင်မတန် ပျော်စရာ ကောင်းလာတယ်" ဟုလည်း ပြောထားခဲ့ဖူးသည်။

၉/၁၁ မတိုင်မီ ဘင်လာဒင်က ဇနီး လေးယောက်နှင့် ကလေးများကို အာဖဂန်နစ္စတန်မှာ တစ်အိမ်စီ ခွဲထားခဲ့သည်။ နောက်ပိုင်း ကမ္ဘာ့အလိုရှိဆုံး အကြမ်းဖက် သတ်မှတ်ခံရပြီးနောက် လင့်ဝတ္တရားများ မကျေပွန်နိုင် ဖြစ်လာခဲ့သည်။



အာဖဂန်နစ္စတန်ကို နေတိုး တပ်များ စတင် ဗုံးကြဲခါနီးတွင် အငယ်ဆုံး ဇနီးလေး Amal Ahmed al Sadah ကို ပါကစ္စတန်မှ တဆင့် ယီမင်နိုင်ငံကို ထွက်ပြေးလွတ်မြောက်စေခဲ့သည်။ အခြား ဇနီး သုံးဦးကိုလည်း အီရန်မှတဆင့် ထွက်ပြေးလွတ်မြောက်စေခဲ့သည်။

အကြွမ်းဖက်ကြီးက ကြာကြာ အထီးကျန်စွာ မနေနိုင်ပါ။ ပါကစ္စတန်မှာ ပုန်းအောင်းဖို့ နေရာ အခြေတကျ ဖြစ်တာနဲ့ ဇနီးလေး al Sadah နဲ့ ၁၉၈၀ လောက်က လက်ထပ်ထားတဲ့ ဆော်ဒီ ဇနီးနှစ်ယောက်ကိုပါ ပြန်ခေါ်လိုက်သည်။ ဆော်ဒီ ဇနီးနှစ်ဦးစလုံးက ပညာတတ်တွေ ဖြစ်သည်။ Khairiah Sabar ဆိုတဲ့ ဇနီးက ကလေး စိတ်ပညာ ဆရာဝန်မ။ Siham Sabar က အာရဗီ သဒ္ဒါ သင်တဲ့ ဆရာမ။ အဲဒီ ဇနီးသုံးဦး သားသမီး ၁၇ ဦးနဲ့အတူ ဘင်လာဒင်က အိမ်ကြီးရခိုင်ထဲမှာ အတူ နေခဲ့သည်။

ယခု ထိုဇနီး သုံးဦးကို ပါကစ္စတန် အစိုးရက ထိန်းသိမ်းထားသည်။ အမေရိကန် စုံစမ်းစစ်ဆေးရေး အဖွဲ့ကလည်း အဘော့တ်တဘဒ် မြို့ရှိ အိမ်ကြီးထဲကို သူတို့နဲ့ ကလေးတွေ ဘယ်လို အကူအညီနဲ့ ရောက်ရှိခဲ့ကြသလဲ၊ အိုစမာနဲ့ ဘယ်လို နေခဲ့ကြသလဲ ဆိုတာ မေးမြန်းချင်နေကြသည်။

 အစ္စလာမ် ဘာသာအရ မယားပြိုင်ယူမှုကို ခွင့်ပြုသည်။ လင်ယောကျ်ားတစ်ဦးက ဇနီးများကို တန်းတူ ကျွေးမွေးပြုစုနိုင်လျှင် ကြိုက်သလောက် ယူနိုင်သည်။ မူဆလင် ဥပဒေတွင် ယောကျ်ားတစ်ယောက်က တစ်ချိန်ထဲတွင် မိန်းမ လေးယောက်ကို တပြိုင်ထဲ လက်ထပ်ယူနိုင်သည်။

အိုစမာ  ဘင်လာဒင်က ခြောက်ကြိမ် လက်ထပ်ခဲ့သူ ဖြစ်သည်။ တစ်ဦးနှင့် ကွဲခဲ့ပြီး၊ နောက်တစ်ဦးမှာ လက်ထပ်ပြီး ၄၈ နာရီအကြာတွင် ဖျက်သိမ်းခဲ့သည်။

အမေရိကန် နေဗီ ဆီးလ် တပ်ဖွဲ့က အိမ်ကြီးထဲ ဝင်ရောက် စီးနင်းချိန်တွင် တတိယထပ် အခန်းထဲမှာ ဘင်လာဒင်က ဇနီးငယ်လေး al-Sadah  နှင့်အတူ ရှိနေသည်။ ဇနီးငယ်က သူမအချစ်ကြီးရှေ့က ထွက်လာနေတဲ့အတွက် ခြေထောက်ကို ပစ်ထည့်လိုက်ရသည်ဟု အိမ်ဖြူတော်မှ အတည်ပြု ပြောခဲ့သည်။

ဘင်လာဒင်မှာ ဇနီး ခြောက်ဦး ရှိခဲ့ပြီး၊ သေဆုံးချိန်တွင် ဇနီး သုံးဦးနှင့် အတူနေခဲ့သည်။

**နံပါတ် (၁)။** Najwa Ghanem မှာ ဆီးရီးယားသူ ဖြစ်ပြီး ဘင်လာဒင်နှင့် ဝမ်းကွဲတော်စပ်သည်။ ၁၅ နှစ် အရွယ်တွင် သူမထက် အသက် နှစ်နှစ်ကြီးသူ ဘင်လာဒင်ကို လက်ထပ်ခဲ့သည်။ မီလျံနာလေး ဘင်လာဒင်ကို လက်ထပ်ပြီး စည်းစိမ်အပြည့်နှင့် နေမည်ဟု မျှော်မှန်းချက် ကြီးခဲ့ပေမဲ့ အာဖဂန်နစ္စတန် ကန္တာရ နေပူခေါင်ခေါင်တွင် ဒုက္ခမျိုးစုံနှင့် နေခဲ့ရသည်။



ပြေးရင်းလွှားရင်း ကလေး ၁၁ ဦး ရရှိခဲ့သည်။ ၉/၁၁ ဖြစ်ပြီးခိုက် စိတ်ကျန်းမာရေး မကောင်းတဲ့ သားငယ်တစ်ဦးနှင့်အတူ အာဖဂန်နစ္စတန်မှ ထွက်ပြေးပြီး ဇာတိ ဆီးရီးယားသို့ ပြန်ရောက်သွားခဲ့သည်။ ဘင်လာဒင် သေဆုံးချိန်အထိ လက်ထပ်ထားဆဲ ဖြစ်သည်။

**နံပါတ် (၂)။** Khadijah Sharif မှာ ဆရာမ ဖြစ်ပြီး ဘင်လာဒင်ထက် ကိုးနှစ်ကြီးသည်။ ၁၉၈၃ တွင် လက်ထပ်ခဲ့ပြီး၊ ကလေးသုံးဦး ရရှိခဲ့သည်။ ၁၉၉၃ နှင့် ၁၉၉၆ ခုနှစ် ဆူဒန်တွင် နေထိုင်ကြစဉ် ကွာရှင်းခဲ့သည်။

**နံပါတ် (၃)။** Khairiah Sabar မှာ ဘင်လာဒင်နှင့် ၁၉၈၅ တွင် လက်ထပ်ခဲ့သည်။ သြဇာအကြီးဆုံး ဇနီး ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ပြီး ဘင်လာဒင် အပါအဝင် လူတိုင်းက သူမထံမှ အကြံဉာဏ် ယူရသည်ဟု ဆိုသည်။

၉/၁၁ ပြီးနောက် အာဖဂန်နစ္စတန်မှာ ဆော်ဒီကို အီရန်မှတဆင့် ထွက်ပြေးခဲ့သည်။ နောက်ပိုင်း ပါကစ္စတန်ကို ခိုးဝင်ပြီး ဘင်လာဒင် သေဆုံးချိန်အထိ အိမ်ကြီးထဲတွင် အတူရှိခဲ့သည်။

**နံပါတ် (၄)** Siham Sahar ကို အဘော့တ်တာဘာဒ်ရှိ အိမ်ကြီးထဲတွင်ပင် ဖမ်းမိခဲ့သည်။ ဘင်လာဒင်နှင့် ၁၉၈၇ တွင် လက်ထပ်ခဲ့သည်။ ၉/၁၁ ဖြစ်ရပ်ပြီးနောက် ပါကစ္စတန်တွင်ပင် လှည့်ပတ် ပုန်းနေခဲ့ပြီး ဘင်လာဒင်က အိမ်ကြီးထဲ ပြန်ခေါ်ယူခဲ့သည်။

**နံပါတ် (၅)။** ငါးကြိမ်မြောက် ဘင်လာဒင် လက်ထပ်ခဲ့သူမှာ ဆူဒန်မှဖြစ်ပြီး မည်သည့်လူမျိုးမှန်း သဲသဲကွဲကွဲ မသိရဟု ဆိုသည်။ လက်ထပ်ပြီး ၄၈ နာရီ အကြာတွင် လက်ထပ်ပွဲကို ထူးထူးဆန်းဆန်း ဖျက်သိမ်းခဲ့ကြသည်။

**နံပါတ် (၆)။** Amal Ahmed al-Sadah မှာ အငယ်ဆုံးလေး ဖြစ်ပြီး ၂၀၀၀ ခုနှစ်တွင် ယီမင်မှ သူမ မိဘများကို ဒေါ်လာ ၅၀၀၀ ပေးပြီး လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ သမီးလေး တစ်ယောက် ရခဲ့သည်။ နေဗီး ဆီးလ်အဖွဲ့က ဝင်ရောက် စီးနင်းချိန်တွင် ထိုကလေးမှာ ဘင်လာဒင်နှင့် သူမ အကြား အိပ်ယာထဲတွင် ရှိနေခဲ့သည်။

ဘင်လာဒင် နဲ့အတူ အိမ်ကြီးထဲမှာ သစ္စာရှိရှိနေခဲ့တဲ့ ကျန်ရှိမုဆိုးမ သုံးဦးကို ပါကစ္စတန်က ပြစ်မှုဖြင့် အရေးမယူဘဲ ယီမင်နှင့် ဆော်ဒီအာရေဘီယ သို့ နှင်ထုတ်မည်ဟု ဆိုသည်။ အမေရိကန် စုံစမ်းရေး အဖွဲ့ကိုတော့ ထိုသုံးဦးနှင့် တိုက်ရိုက် မေးမြန်းခွင့်ပြုမည် ဖြစ်သည်။

မောက္ခ နိုင်ငံတကာသတင်း

Source: The New York Times